CORE
Cultural Orientation Resource Exchange

Resettlement Support Center RSC

# လိမ်လည်မှုကို တားဆီးကာကွယ်ပြီး သတင်းပို့ပါ




ပြန်လည်အခြေချနေထိုင်ရေး ဝန်ဆောင်မှု ဆောင်ရွက် ပေးခြင်းမှာ အခမဲ့ဖြစ်ပါသည်။ ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်း သို့မဟုတ် ကူညီခြင်းအတွက် မည်သူ့ကိုမျှ ငွေကြေးတစ်စုံတစ်ရာ မပေးပါနှင့် သို့မဟုတ် တစ်စုံတစ်ယောက်အား တစ်ခုခု မျက်နှာသာပေးရန် သဘောတူညီခြင်း မပြုပါနှင့်။



ပြန်လည်အခြေချနေထိုင်ရေး ဆောင်ရွက်ပေးသော ဝန်ဆောင်မှု များအတွက် ငွေ၊ ဝန်ဆောင်မှု သို့မဟုတ် မျက်နှာသာပေးခြင်း တစ်ခုခုသည် တရားမဝင်သလို လိမ်လည်မှု မြောက်ပါသည်။ ပြန်လည်အခြေချနေထိုင်ရေး ဆောင်ရွက်ပေးစဉ်အတွင်း သင့်ထံမှ ငွေကြေးတစ်စုံတစ်ရာ တောင်းခံခြင်း သို့မဟုတ် ဝန်ဆောင်မှု တစ်ခုခုအတွက် သင့်ထံမှ မျက်နှာသာပေးခိုင်းခြင်းကို မည်သူကမျှ မပြုလုပ်ရ။



ထိုအထဲတွင် အမေရိကန် အစိုးရ၊ နိုင်ငံတကာ အဖွဲ့အစည်း၊ ပြန်လည်နေရာချထားရေး ထောက်ပံ့မှုစင်တာများ၊ ဆေးပေးခန်း များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ဝန်ထမ်း တစ်ဦးဦးကို ငွေပေးခြင်း ပါဝင်ပါသည်။ အဆိုပါ အဖွဲ့အစည်းများရှိ မည်သူကမျှ သင့်ထံမှ ငွေကြေး သို့မဟုတ် မျက်နှာသာပေးမှု မတောင်းခံရပါ။

RSC ရှိ မည်သူကမျှ သင့်အမှုတွဲကို အလျင်အမြန် ဆောင်ရွက်ရန် သို့မဟုတ် အာမခံပြီးလက်ခံရန် အခွင့်အာဏာမရှိပါ။ တစ်စုံတစ်ယောက်အား ငွေပေးခြင်းဖြင့် သင့်အမှုတွဲကို တစ်နည်းနည်းနှင့် အထောက်အကူပြုမည် မဟုတ်ပါ။

အမေရိကန်ပြည်ထောင်စု ဒုက္ခသည်လက်ခံရေး အစီအစဉ်သည် Facebook အကောင့် သို့မဟုတ် အခြားလူမှုကွန်ရက်များ မှတစ်ဆင့် သင့်အား မက်ဆေ့ချ်ပို့မည်မဟုတ်ပါ။ သင့်ဆက်သွယ်မှု များအတွက် သတိရှိစေလိုပါသည်။ တရားဝင် ဆက်သွယ်မှု လမ်းကြောင်း များကိုသာ အသုံးပြုပါ။



တစ်စုံတစ်ယောက်က သင့်ထံမှငွေတောင်းခြင်း၊ လျှောက်လွှာ အတင်းအကျပ် တင်ခိုင်းခြင်း၊ လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု သို့မဟုတ် အခြားမျက်နှာသာပေးမှု တစ်စုံတစ်ရာ တောင်းဆိုခြင်း၊ သို့မဟုတ် သင့်အားတစ်နည်းနည်းဖြင့် ခြိမ်းခြောက်ခြင်း ပြုလုပ်ပါက ပြန်လည်နေရာချထားရေး ထောက်ပံ့မှုစင်တာကို အသိပေးပါ။ ကျူးလွန်မှုကို သတင်းပို့ရန် အချက်အလက်များကို သင့်အား ပထမအကြိမ် အင်တာဗျူးစဉ်တွင် သင့်အားပေးထားပါသည်။



ထိုအဖြစ်အပျက်များကို သတင်းပို့ခြင်းဖြင့် သင့်လျှောက်လွှာကို သက်ရောက်မှုမရှိပါ။ လိမ်လည်မှုဆိုင်ရာ အချက်အလက်များ သတင်းပို့ခြင်းဖြင့် ဤအစီအစဉ်သည် လူတိုင်းအတွက် ပိုမိုခိုင်မာလာအောင် ကူညီပေးပါသည်။


ပြန်လည်အခြေချနေထိုင်ရေး ဝန်ဆောင်မှုများမှာ အခမဲ့ ဖြစ်ကြောင်း မမေ့ပါနှင့်။ ဤကိစ္စအတွက် RSC ဝန်ထမ်းများက ကူညီရန် အသင့်ရှိနေသလို နောက်ထပ်အချက်အလက်များ ကိုလည်း အချိန်မရွေး ပေးနိုင်ပါသည်။

ပြန်လည်အခြေချနေထိုင်ရေး ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်း အားလုံးမှာ အခမဲ့ဖြစ်ပါသည်။ ဝန်ဆောင်မှု တစ်ခုခုအတွက် တစ်စုံတစ်ယောက်က သင့်ထံမှ ငွေကြေးလုံးဝ မကောက်ခံရပါ။ တစ်စုံတစ်ယောက်က သင့်ထံမှ ငွေတောင်းခံခြင်း၊ လျှောက်လွှာ တင်ခိုင်းခြင်း၊ သင့်လျှောက်လွှာကို ကြားဖြတ်ဆောင်ရွက်မှု သို့မဟုတ် အမြန်ဆောင်ရွက်မှု ပြုလုပ်ပေးနိုင်ကြောင်း ပြောလာခြင်း သို့မဟုတ် သင့်အား တစ်နည်းနည်းဖြင့် ခြိမ်းခြောက်ခြင်း ရှိပါက ဤအချက်ကို ပြန်လည်နေရာချထားရေး ထောက်ပံ့မှု စင်တာသို့ သတင်းပို့ပါ။

CORE
Cultural Orientation Resource Exchange

The contents of this fact sheet were developed under an agreement financed by the Bureau of Population, Refugees, and Migration, United States Department of State, but do not necessarily represent the policy of that agency and should not assume endorsement by the Federal Government. **This material is in the public domain and may be reproduced.**

# ဤသည်မှာ ဒုက္ခသည်များအတွက် လုံခြုံသောနေရာတစ်နေရာ ဖြစ်ပေသည်



ဒုက္ခသည် တော်တော်များများသည် ၎င်းတို့၏ ဘဝအသက်တာ၌ စိတ်ထိခိုက်ဒဏ်ရာရဖွယ်သော ဖြစ်စဉ်များကို တွေ့ ကြုံခံစားခဲ့ကြရသည်။ အမေရိကန်ပြည်ထောင်စု ဒုက္ခသည်လက်ခံရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် ပြန်လည်နေရာချထားရေး ထောက်ပံ့မှု စင်တာများသည် လုံခြုံသော နေရာများ ဖြစ်ကြပြီး၊ ဒုက္ခသည်များအတွက် ကာကွယ်မှုပြုထားသော ပတ်ဝန်းကျင်တစ်ခုကို ထောက်ပံ့ပေးပေသည်။




အမေရိကန်ပြည်ထောင်စု ဥပဒေမှ လူတိုင်းအတွက် တန်းတူညီမျှသော အခွင့်အရေးများကို အာမခံချက်ပေးထားသည်။ RSC (ပြန်လည်နေရာချထားရေး ထောက်ပံ့မှု စင်တာ) ရှိ မည်သူတစ်ဦးတစ်ယောက်မျှသည် သင့်အပေါ် မည်သည့်အကြောင်းအရင်းကြောင့်မျှ ခွဲခြားဆက်ဆံမှု ပြုလုပ်မည် မဟုတ်ပေ။ RSC (ပြန်လည်နေရာချထားရေး ထောက်ပံ့မှု စင်တာ) သည် ဒုက္ခသည်များအား ၎င်းတို့၏ နိုင်ငံသား၊ လူမျိုး၊ ဘာသာရေး၊ နိုင်ငံရေးအမြင်၊ လိင်၊ သို့မဟုတ် လိင်တူစုံတွဲ ချစ်ကြိုက်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ စိတ်ကိုင်းညွှတ်မှု အစရှိသည်တို့ မည်သို့ပင်ရှိပါစေ ၎င်းတို့အားလုံးအား လေးစားသမှုထားရှိမည် ဖြစ်သည်။



အကယ်၍ သင်သည် ညှဉ်းပန်းနှိပ်စက်ခံရလျှင်၊ အကြမ်းဖက်ခံရလျှင်၊ ခြိမ်းခြောက်ခံရလျှင် သို့မှမဟုတ် သင့်အပေါ် ခွဲခြားဆက်ဆံမှုများရှိလျှင် သင့်အနေနှင့် သင်၏ အင်တာဗျူးမေးမြန်းမှုအတောအတွင်း ကျွန်ုပ်တို့ ဝန်ထမ်းများထံသို့ ပြောပြနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဂရုတစိုက် စာနာထောက်ထားမှုအပြည့်ဖြင့် သင့်အား နားထောင်ပေးမည် ဖြစ်ပါသည်။



သင်၏ အမှုတွဲထိန်း သို့မဟုတ် အခြားသော ဝန်ထမ်းများနှင့်အတူ သင်၏ အတွေ့အကြုံများအကြောင်းအား ပြောဆိုနိုင်မည်ဖြစ်ပြီး၊ မည်သည့်အချိန်တွင်မဆို ကြီးကြပ်ရေးမှူးတစ်ဦးဖြင့် ပြောဆိုခွင့်ပေးရန် သင် တောင်းဆိုနိုင်ပါသည်။ ကျွန်ုပ်တို့ထံသို့ သင် ပြောပြသည့် အကြောင်းအရာများ မှန်သမျှအား လျှို့ ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များအဖြစ် သတ်မှတ်ထားမည် ဖြစ်ပါသည်။



မှတ်ထားရမည်မှာ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်ဆောင်ရွက်မှု ဝန်ဆောင်မှုများသည် အခမဲ့ ဖြစ်ပါသည်။ အကူအညီပေးရန်အတွက် ဤနေရာတွင် ကျွန်ုပ်တို့ ရှိနေခြင်းဖြစ်ပြီး၊ ဝန်ထမ်းများသည် မည်သည့်အချိန်တွင်မဆို ဤအကြောင်းအရာနှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များအား ထောက်ပံ့ပေးနိုင်ပါသည်။

ပြန်လည်အခြေချနေထိုင်ရေး ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်း အားလုံးမှာ အခမဲ့ဖြစ်ပါသည်။ ဝန်ဆောင်မှု တစ်ခုခုအတွက် တစ်စုံတစ်ယောက်က သင့်ထံမှ ငွေကြေးလုံးဝ မကောက်ခံရပါ။ တစ်စုံတစ်ယောက်က သင့်ထံမှ ငွေတောင်းခံခြင်း၊ လျှောက်လွှာ တင်ခိုင်းခြင်း၊ သင့်လျှောက်လွှာကို ကြားဖြတ်ဆောင်ရွက်မှု သို့မဟုတ် အမြန်ဆောင်ရွက်မှု ပြုလုပ်ပေးနိုင်ကြောင်း ပြောလာခြင်း သို့မဟုတ် သင့်အား တစ်နည်းနည်းဖြင့် ခြိမ်းခြောက်ခြင်း ရှိပါက ဤအချက်ကို ပြန်လည်နေရာချထားရေး ထောက်ပံ့မှု စင်တာသို့ သတင်းပို့ပါ။



The contents of this fact sheet were developed under an agreement financed by the Bureau of Population, Refugees, and Migration, United States Department of State, but do not necessarily represent the policy of that agency and should not assume endorsement by the Federal Government. **This material is in the public domain and may be reproduced.**